# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့။

စက်တင်ဘာလ (၂၃) ရက်နေ့၊ ညနေ (၆း၃၀) နာရီခန့် ဒီးမောဆိုမြို့နယ်၊ ကုန်းသာကျေးရွာ အနီးကျောက်ဆယ်ကန်တွင် အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်တို့မှ ခုခံတိုက်ခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များ၏ တပ်ရင်းများမှ လက်နက်ကြီးများဖြင့် ဆက်တိုက်ပစ်ခတ်ပြီး၊ ငွေတောင်ဘက်မှခြေလျင်တပ်များဖြင့် ချီတက်လာသည့်အတွက် ကရင်နီတပ်မတော် (KA)၊ KNDF နှင့် ဒီးမော့ဆိုမြို့နယ် PDF တို့နှင့် နှစ်ဖက်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။

ထို့အတူ စက်တင်ဘာလ (၂၃) ရက်နေ့ ဖယ်ခုံမြို့နယ်တွင်လည်း အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ဖယ်ခုံမြို့နယ် PDF၊ KNDF ပူးပေါင်းတပ်တို့တိုက်ပွဲများဖြစ်ပွားခဲ့ပါသည်။ အထက်ပါတိုက်ပွဲများအတွင်း မိမိတို့ဘက်မှ ထိခိုက်မှုမရှိသည့်နည်းတူ ရန်သူဖက်မှ ထိခိုက်ကျဆုံးမှုကိုလည်း အတည်မပြုနိုင်ပါ။

ဒီးမော့ဆိုမြို့နယ်တွင် စက်တင်ဘာလ လဆန်းပိုင်းမှစ၍ တကျော့ပြန် တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့ပြီး၊ အကြမ်းဖက်စစ်ကောင်စီတပ်ဖက်မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်ရမ်းသမ်းပစ်ခတ်မှုများကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးခဲ့ရသည့်အပြင် ပြည်သူများကိုအကြောင်းမဲ့ ဖမ်းစီးနှိပ်စက်သတ်ဖြတ်မှုစသော စစ်ရာဇဝတ်မှုများကို အကြမ်းဖက်စစ်ကောင်စီတပ်များမှ ကျူးလွန်လျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။

၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈။